ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၁၆ / ၂၀၂၆**

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း        ရက်

(၂၀၂၆ ခုနှစ်၊ ဇွန်လ        ရက်)

## နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီဖွဲ့စည်းခြင်း

### ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေး ကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာ ဦးမနာမ်တူးဂျာ | ကချင်ပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၁၂) | **ဥက္ကဋ္ဌ** |
| (ခ) | ဦးဇင်မင်းထက် | ပဲခူးတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၇) | အဖွဲ့ဝင် |
| (ဂ) | ဦးဆီဟူးဒွေ့ | ကချင်ပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၆) | အဖွဲ့ဝင် |
| (ဃ) | ဦးသိန်းလှိုင် | စစ်ကိုင်းတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၇) | အဖွဲ့ဝင် |
| (င) | ဦးကီးပိုင်း | ချင်းပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၈) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (စ) | ဦးဗိုလ်သိန်းနိုင် | မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၂) | အဖွဲ့ဝင် |
| (ဆ) | ဦးကျော်စိန် | ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၇) | အဖွဲ့ဝင် |
| (ဇ) | ဦးမျိုးသန့် | ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၆) | အဖွဲ့ဝင် |
| (ဈ) | ဦးရဲထွဋ်အောင် | မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၈) | အဖွဲ့ဝင် |
| (ည) | ဦးအောင်သိန်းငွေ | ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (ဋ) | ဗိုလ်မှူးချုပ်လှမျိုး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဌ) | ဗိုလ်မှူးကြီးညီညီတင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူးကြီးခင်ဇော် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီးဇော်မင်းထက် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးရှားရယ် | ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁) | **အတွင်းရေးမှူး** |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီအမည်ပြင်ဆင်ခြင်းနှင့် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်ခြင်းတို့ဆောင်ရွက်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၄။ ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

**ကော်မတီ၏ တာဝန်များ**

၅။ ကော်မတီ၏ တာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) နယ်စပ်ဒေသအသီးသီးတွင်နေထိုင်သော တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ ပညာသင်ကြားခွင့်ရရှိပြီး တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များတွင် အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေး ဆောင်ရွက်ရန်၊

(ခ) နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများနှင့် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့် တိုင်းရင်းသားလူမျိုးများ၏ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွား၊ အထောက်အကူပြု အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန်၊

(ဂ) နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများနှင့် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ ဘာသာ၊ သာသနာထွန်းကားပြန့်ပွားစေရေးနှင့် စာပေ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ ဖော်ထုတ်ပြုလုပ်ပေးရန်၊

(ဃ) အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့ရသည့် နယ်စပ်ဒေသ၊ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်နယ် ပြည်မ အကြားအလပ် မရှိစေရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရန်၊

( င ) နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအားလုံးသည် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာ မွေးမြူလျက် ထာဝစဉ်စည်းလုံးညီညွတ်စွာဖြင့် အေးချမ်းသာယာစွာ အေးအတူ ပူအမျှ ဥမကွဲသိုက်မပျက်ဘဲ အစဉ်ထာဝရ လက်တွဲနေထိုင်ရေးအတွက် ပင်လုံ စိတ်ဓာတ်အရင်းခံ၍ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် အပြန်အလှန်နားလည်မှုများ ပိုမိုတည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

( စ ) တိုင်းရင်းသားများသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မိမိတို့ရရှိ ထိုက်သည့် မူလအခွင့်အရေးများရရှိရန်နှင့် တာဝန်ဝတ္တရားများကို လေးစား လိုက်နာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ဆ) တိုင်းဒေသကြီး/ ပြည်နယ်အတွင်း အရေးကိစ္စများပေါ်ပေါက်လာပါက လွှတ်တော် ဥက္ကဋ္ဌ၏ တာဝန်ပေးချက်ရရှိလျှင် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့နှင့် ညှိနှိုင်းပြီး လေ့လာတင်ပြရန်လိုအပ်ပါက သင့်လျော်သည့် ကော်မတီဝင် အရေအတွက်ဖြင့် သွားရောက်ဆောင်ရွက်ပေးရန်၊

( ဇ ) တိုင်းရင်းသားလူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် အယူအဆများ မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရန်၊

( ဈ ) ပြည်တွင်းပြည်ပ အဖျက်အမှောင့်မှန်သမျှ တိုင်းရင်းသားလူမျိုးအားလုံးမှ အသိ စိတ်ဓာတ်ရှိရှိဖြင့် ဝိုင်းဝန်းဖော်ထုတ်နိုင်ရေးနှင့် ကျရောက်လာနိုင်သည့် ဘေး အန္တရာယ်များကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ ပူးပေါင်း ကာကွယ်ကြရေး ဆောင်ရွက်ရန်၊

(ည) နိုင်ငံတော်တွင် ပြည်ထောင်စုအရေးနှင့် ပတ်သက်လာလျှင် တိုင်းရင်းသား လူမျိုးများ အားလုံးတို့က “ပြည်ထောင်စုအရေး” ကို အဓိကနှင့် ပဓာနကျသော လုပ်ဆောင် ရမည့် တာဝန်ဝတ္တရားအဖြစ် ခံယူလာနိုင်ရေးတို့ကို ဆောင်ရွက်ရန်၊

( ဋ ) နိုင်ငံတော်သမ္မတရုံးမှ ဖွဲ့စည်းသော အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်း ရေးဖော်ဆောင်မှုဗဟိုကော်မတီနှင့်လည်းကောင်း၊ ကော်မတီလုပ်ငန်းနှင့် သက်ဆိုင်

သော ပြည်ထောင်စုအဆင့်အစိုးရဌာနများ၊ ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့်လည်းကောင်း လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အခါအားလျော်စွာတွေ့ဆုံဆွေးနွေးညှိနှိုင်း၍ လုပ်ငန်း၏ရည်ရွယ်ချက်များကို ဖော်ဆောင်ပေးရန်၊

(ဌ) ငြိမ်းချမ်းရေးဖော်ဆောင်မှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကောင်းကျိုးဆိုးကျိုး သက်ရောက်မှုရှိအောင် ဆောင်ရွက်နေသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်း များ အခြေအနေကို လေ့လာသုံးသပ်တင်ပြပေးရန်၊

(ဍ) လုပ်ငန်းဆောင်ရွက်ပြီးစီးတိုင်း လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာတင်ပြခြင်းနှင့် ကော်မတီ၏ အစီရင်ခံစာကို အခါအားလျော်စွာ လွှတ်တော်သို့ တင်ပြပေးရန်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၇။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ သင့်လျော်သောပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ၊ တိုင်းရင်းသားလူမျိုးစုများအလိုက် အသင်းအဖွဲ့များသို့ သွားရောက်တွေ့ဆုံခြင်း၊ မေးမြန်းဆွေးနွေးခြင်းများကို လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်နိုင်သည်၊

(ခ) တိုင်းရင်းသားလူမျိုးစုအလိုက်ရှိသော အသင်းအဖွဲ့များနှင့် ပတ်သက်၍ ကော်မတီသည် လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခြင်း၊ အခက်အခဲနှင့် လိုအပ်ချက်များ မေးမြန်းခြင်း၊ ဥပဒေနှင့်ညီညွတ်သော အကြံဉာဏ်များပေးခြင်း၊ လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်ရမည်၊

(ဂ) တိုင်းရင်းသားလူမျိုးအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးဆောင်ရွက်ချက်များကို အရေးပါမှုအပေါ်အခြေပြုပြီး ဦးစားပေးမှုအလိုက် လွှတ်တော်ဥက္ကဋ္ဌ ထံ အစီရင်ခံတင်ပြရမည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၂။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၃။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေ တစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) အောင်လင်းဒွေး

ဥက္ကဋ္ဌ